သက္ကယ်ကျင်းကျေးရွာ

ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျော်ဇင်ကျေးရွာ၊ ကလေးဝမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

မာတိကာ

စကားချီး

သက္ကယ်ကျင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

၁

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြောင်း အစီအစဉ် ကျသောချိတ်ဆက်မှုများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
၂
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအမံများ
ဇယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေ ကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ဇယား (၄၅)

ကိုးကားစာရင်း

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ သက္ကယ်ကျင်းကျေးရွာ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲ ထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးနှင့် ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင် သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤ လုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက် အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။

ဤ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤ အစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက် နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထား ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သက္ကယ်ကျင်းကျေးရွာ၊ ကလေးဝမြို့နယ်

သက္ကယ်ကျင်းကျေးရွာ သယံဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ သက္ကယ်ကျင်းကျေးရွာ၊ အောင်ချမ်းသာအုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း ရေးဆွဲခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာ တွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအ ချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြော င်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရ သော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လို သည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာ များ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက် သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤ အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများ အနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုး လာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေ ဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်

မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာ နှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို

အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိ ကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ် တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ် ပါသည်။

၃။ (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက် ၍ အဆင်ပြေသောအိမ်ထောင်စုများသည် (၅)ဧကနှင့်အထက် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပြီး၊ အလယ်အလတ် အိမ်ထောင်စုများသည် (၄-၂)ဧကကြားပိုင်ဆိုင်ကြသည်။ မပြေလည်သောမိသားစုများသည်လည်း (၁)ဧကနှင့် အောက်ပိုင်ဆိုင်ကြပြီးအလွန်မပြေလည်သောအိမ်ထောင်စုများမှာမြေယာပိုင်ဆိုင်မှုမရှိကြောင်းသိရှိရပါသည်။

ဥစ္စာဓနအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၃၉% သည် အဆင်မပြေသော အိမ်ထောင် စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုအဆင့် သတ်မှတ်ကြပြီး ၃% သည် အဆင်ပြေသော အိမ်ထောင် စုနှင့် ၅၈% သည် အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် တိုက်အိမ်၊ ပျဉ်ထောင်အိမ်များဖြင့် နေထိုင်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများသည် သက္ကယ်မိုး၊ ကပ်ကာ၊ တဲအိမ်များဖြင့်သာ နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။

(၈) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာအိမ်ထောင်စု၏ (၃၄) ရာခိုင်နှုန်းခန့်မှာ မပြေလည်သောအိမ်ထောင်စုများဖြစ်ကြပြီး (၅)ရာခိုင် နှုန်းခန့်မှာ အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁)စုရှိပြီး မိသားစုစောင့်ရှောက်မှုမရှိသော အသက်(၆၄)နှစ်နှင့်အထက် ကျား (၁)ဦး၊ မ(၁)ဦး ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာနှင့် (၁)မိုင်အကွာ အောင်ချမ်းသာရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ဝမ်းပျက် ဝမ်းလျော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆီးချို၊ အသည်းရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာ အိမ်ထောင်စု၏ (၈၇)ရာခိုင်နှုန်းခန့်မှာ ယင်လုံအိမ်သာ အသုံးပြုကြပြီး ကျန်အိမ်ထောင်စုများမှာ တွင်းရှိသည့် အိမ်သာ အသုံးပြုပြီး အိမ်သာမရှိသည့် အိမ်ထောင်စု(၁)ခုသာရှိကြောင်း သိရ ပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် အလယ်တန်းကျောင်းသာရှိပြီး အလယ်တန်းအဆင့် အောင်မြင်ပြီးလျှင် ရွာနှင့်(၁)မိုင် အကွာ အောင်ချမ်းသာရွာရှိ အထက်တန်းကျောင်းခွဲသို့ သွားရောက်ပညာသင်ကြားကြပါသည်။ ပညာရေးနှင့် ပတ်သက်၍ စာမတတ်သူဦးရေ စုစုပေါင်းလူဦးရေ၏(၄%)၊ မူလတန်းပြီးစီးမှုနှုန်း(၅၂%)၊ အလယ်တန်း ပြီးစီးမှုနှုန်း(၂၀%)၊ အထက်တန်းပြီးစီးမှုနှုန်း(၆%)နှင့် တက္ကသိုလ်အဆင့်(၂%) ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် နေထိုင်သူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာရေးနှင့်လူမှုရေးလုပ်ငန်းများ တွင် ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ အမျိုးသားများသည် ဆုံးဖြတ်ချက်ချသောနေရာများတွင် ဦးဆောင်လေ့ ရှိသော်လည်း အမျိုးသမီးများနှင့် ညှိနှိုင်းတိုင်ပင်မှုများ ရှိကြသည်။ ဘာသာရေးပွဲများ၊ အလှူအတန်းများနှင့် အခြားလူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများသည်လည်း တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြကြောင်း သိရှိရပါ သည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့(၇)ဖွဲ့ရှိပါသည်။ ဂရုဏာအသင်း၊ အမျိုးသမီး ရေးရာအဖွဲ့၊ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ကျေးရွာမီးလင်းရေးအဖွဲ့၊ ရေပေးဝေရေးအဖွဲ့၊ မီးသတ်အဖွဲ့တို့ ဖြစ် ပါသည်။ အဖွဲ့အသီးသီး၏ လုပ်ကိုင်ဆောင်ရွက်နေမှုသည် အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှုနည်းသည်မှ အပ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်သည် ကောင်းမွန်သည့်အနေအထားတွင် ရှိပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြသည်။ မိုးရေကိုသာ အဓိကထား၍ စိုက် ပျိုးကြရသည်။ကျေးရွာတွင် စိုက်ပျိုးသောသီးနှံများမှာ စပါး၊ မြေပဲ၊ ပဲကြီးတို့ကို စိုက်ပျိုးကြသည်။ ပျမ်းမျအ ထွက်နှုန်းမှာ တစ်ဧကလျှင် စပါး(၂၀)တင်း၊ မြေပဲ(၂၅)တင်း၊ ပဲကြီး(၂၅)တင်းခန့် ထွက်ရှိပါသည်။ စိုက်ပျိုး ရေးအတွက် ထွန်စက်၊ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက် အသုံးပြုကြပြီး ကျွဲနွှဲနွားများလည်း အသုံးပြုကြကြောင်း သိရပါသည်။ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့်ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ လယ်များအတွက် ထုတ်ပေးသော ချေးငွေတစ်မျိုးတည်းသာ ရရှိပါသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေ ရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ကျပန်း အလုပ်များ၊ လက်သမား၊ ဈေးရောင်းသူများ၊ အစိုးရဝန်ထမ်း၊ အပ်ချုပ်လုပ်ငန်း၊ ကားမောင်းသူ စသော လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျပန်းအလုပ်ကို အဓိကလုပ်ကိုင်သော အိမ်ထောင်စု(၅၇)စု ရှိပါ သည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် သစ်တောခုတ်ယူမှုများသဖြင့် သစ်တောပြုန်းတီးနေသည်ကို တွေ့ရှိရပါသည်။ ခါတ်မြေ ဩဇာအသုံးပြုမှု အနည်းငယ်သာရှိပြီး မြေဆီလွှာအရည်အသွေး ကောင်းမွန်သော်လည်း စိုက်ပျိုးရေလုံ လောက်မှုမရှိပါ။ သုံး/လေးနှစ်တွင် တစ်ကြိမ် ဖျက်ပိုးအန္တရာယ် ကျရောက်တတ်ပါသည်။ သစ်တောပြုန်းတီး မှုကြောင့် အပင်မျိုးစိတ်များ လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။

(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ် အတိုးနှုန်း ( )ကျပ်တိုး၊ တစ်ဧက ( )သိန်းကျပ်နှုန်းဖြင့် အများဆုံး ( )ဧက အတွက် ချေးယူနိုင် ကြသည်။ ချေးငွေကာလမှာ ( )လခန့်ဖြစ်၍ အတိုးနှုန်းမှာ တစ်နှစ်လျှင် ( ) ဖြစ်သည်။ အခြားမွေးမြူရေးချေးငွေထုတ်ချေးသော အဖွဲ့များ မရှိပါ။

၁၀

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းနှင့်အလယ်တန်းကျောင်းမှာ ၆၀' × ၃၀' နှစ်ထပ်ကျောင်းဆောင် ဖြစ်ပြီး ကျောင်းအဆောက်အဦးမှာ ကောင်းမွန်ပါသည်။ ကျောင်းဆရာ/ဆရာမ (၈)ဦးရှိပါသည်။ ကျေးရွာတွင် မူလ တန်းကျောင်းသားဦးရေ (၁၁၄) ဦး ၊ အလယ်တန်းကျောင်းသားဦးရေ (၆၁)ဦးနှင့် အထက်တန်းသို့ တက် ရောက်နေသော ကျောင်းသားဦးရေ (၁၇)ဦးနှင့် တက္ကသိုလ်တက်ရောက်သူဦးရေ (၁၄)ဦး ရှိပါသည်။ အစိုးရမှ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသောကြောင့် အဆင်ပြေသော အိမ်ထောင်စုမှ ကျောင်းသား/သူများ ကျောင်းတက်ရသည်မှာ ပိုမိုအဆင်ပြေလာသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ အသည်းရောဂါ ဖြစ် ပွားမှုအနည်းငယ်ရှိပြီး သွေးတိုးရောဂါဖြစ်ပွားမှုများလည်းရှိသည်။ ကျန်းမာရေးဟောပြောပွဲများရှိပြီး ကျန်း မာရေးဗဟုသုတ အသင့်အတင့်ရှိသည်။ ကျေးလက်ကျန်းမာရေးဌာနမရှိသဖြင့် ရွာနှင့် (၁) မိုင်အကွာ အောင် ချမ်းသာရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကလေးဝမြို့ပြည်သူ့ဆေးရုံတွင်လည်း ဆေးကုသမှုခံယူနိုင် ပါသည်။

ကျေးရွာရှိ အိမ်ထောင်စုအများစုသည် စိမ့်စမ်းရေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးဖော်ပေးသော တွင်းနက်(၁)တွင်းတို့ကို အဓိကထား သုံးစွဲကြသည်။ အိမ်ခြေများ၍ ရေလုံလောက်မှု မရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တွင်းနက်(၁)တွင်း တူးဖော်ပေးလျက်ရှိပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၈၇%) သည် ယင်လုံအိမ်သာသုံးစွဲကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာ သီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းနှင့် ဘာသာရေးပွဲများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

(ဇ) အခြေခံအဆောက်အဦး – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကလေးဝ-ရေဦးကားလမ်းဘေးတွင် တည်ရှိပြီး ကွန်ကရစ်လမ်းဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ စက်ဘီး (၂၇)စီး၊ မော်တော်ဆိုင်ကယ်(၂၇၁)ဦး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊ ကား(၆)စီးနှင့် နွားလှည်း(၅၀)စီးတို့ကို အသုံးပြုလျက်ရှိပါသည်။ ဆက်သွယ်ရေးအတွက် ဖုန်း(၂၅၁)လုံး ပိုင်ဆိုင်ထားပြီး MPT, Telenor နှင့် Ooredoo ဖုန်း လိုင်းများမိ၍ ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးအတွက် အိမ်သုံးဆိုလာများကို အများစု အသုံးပြုကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

သက္ကယ်ကျင်းကျေးရွာသည်အောင်ချမ်းသာကျေးရွာအုပ်စုတွင်ပါဝင်ပြီး
အုပ်စုအုပ်ချုပ်ရေးမှူးသည်

၁၁

သက္ကယ်ကျင်းကျေးရွာမှဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးအတွက် ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ စီမံအုပ်ချုပ် ရေးလုပ်ငန်းများ ဆောင်ရွက်သည်။ ရွာသားများသည် တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုကြပြီး လိုအပ် သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ မှုခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်များမရှိဘဲ ငြိမ်းချမ်းစွာနေထိုင်ကြောင်း တွေ့ရှိရပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး လယ်မြေများသည် မြေဆီ မြေဩဇာကောင်းမွန်သောကြောင့် စပါး၊ မြေပဲနှင့် ပဲကြီး စသည့် သီးနှံများ စိုက်ပျိုးကြသည်။ လယ်မြေက (၃၀၁.၅)ကေရှိပြီး မိုးရေကို အဓိကထားပြီး စပါးစိုက်ပျိုးကြသည်။ ၎င်းအပြင် ယာက(၇၁.၅)ကေရှိပြီး မြေပဲနှင့်ပဲကြီးကိုသာ အဓိကစိုက်ပျိုးကြသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လိုအပ်သောပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်သောကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မွေးမြူရေးနှင့်ပတ်သက်၍ နွားနှင့်ကျွဲအား လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်ရန် မွေးမြူကြပြီး ကြက်၊ ဘဲနှင့်ဝက်တို့အား တစ်နိုင်တစ်ပိုင် စားသုံးရန် အတွက် မွေးမြူကြသည်။ ဒေသနှင့်ကိုက်ညီသောမျိုးများ အလွယ်တကူရရှိနိုင်ပြီး လွတ်လပ်စွာ ရောင်းဝယ် ဖောက်ကားနိုင်ကြသည်။ တိရိစ္ဆာန်အတွက် လိုအပ်သောအစားအစာ နှင့် ဆေးဝါးများအား အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများသည် မြေဆီလွှာအရည်အသွေးကောင်းမွန်သော်လည်း မိုးရေကိုသာ အဓိကထားသုံးစွဲရသဖြင့် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကျွမ်းကျင်သောနည်းပညာမရှိဘဲ ဒေသအတွေ့အကြုံကို အခြေခံ၍ စိုက်ပျိုးထုတ်လုပ်သူ များပြားသည်။ လုပ်သားငှားရန် အခက်အခဲအနည်းငယ်ရှိပြီး လုပ်သားခကြီးခြင်းပြဿနာလည်း အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးအတွက် လုံလောက်သောချေးငွေများရရှိရန် အခက်အခဲရှိပါသည်။ အစိုးရဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ မွေးမြူရေးဆိုင်ရာ ချေးငွေများ မရရှိကြပါ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ နည်းပညာတို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည် -

(၁) ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား/သူများ ရာသီမရွေး ကျောင်းသို့ လွယ်ကူစွာ သွားလာနိုင်၍ ပညာသင်ယူမှုအတွက် အထောက်အကူ ဖြစ်ခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရမည်။

(၂) စာကြည့်တိုက်နှင့် စာအုပ်စာပေများ လက်လှမ်းမီအောင် ဆောင်ရွက်ခြင်းဖြင့် အသိပညာနှင့် စာပေဗဟုသုတများ တိုးတက်လာစေရမည်။

(၃) ကျန်းမာရေးဆေးပေးခန်း လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း၊ ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားများ ကျန်းမာရေးဗဟုသုတ ပြည့်ဝလာ၍ ကျန်းမာရေး အဆင့်အတန်းမြင့်တက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက် ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

(၁) ကျေးရွာလူထုအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး စပါး၊ မြေပဲ၊ ပဲကြီးတို့ကို စိုက်ပျိုးကြသည်။ လယ်ယာသုံးစက်ကိရိယာများ မပြည့်စုံခြင်း၊ နည်းပညာကျွမ်း ကျင်မှုမရှိခြင်း၊ စိုက်ပျိုးရေးလုံလောက်မှု မရှိခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းတတ် ပြီး အမြတ်ရရှိမှု လျော့နည်းနိုင်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သော စိုက် ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် သီးနှံအထွက်နှုန်း ပိုမိုရရှိလာနိုင်စေပြီး တောင်သူ များအမြတ်ပိုမိုရရှိလာနိုင်မည် ဖြစ်သည်။

(၂) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ ကျေးရွာစာကြည့်တိုက် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်း၍ မြို့နယ်ပြန်ဆက်ဌာနနှင့် ဆက် သွယ်ပြီး စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် စာအုပ်များရရှိအောင် ဆောင်ရွက်သွားမည်။

(၃) ကျေးရွာ ကျန်းမာရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနသို့ ဆက်သွယ်တင်ပြ၍ ကျေးလက်ဆေးပေးခန်းနှင့် ပညာပေးအစီအစဉ်များရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျန်းမာ ရေးအဆင့်အတန်းမြင့်တက်အောင် ဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထား ပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိ မည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေး ဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) စိုက်ပျိုးရေး

ကျေးရွာတွင် စပါး၊ မြေပဲ၊ ပဲကြီးကို စိုက်ပျိုးကြပါသည်။ တောင်သူများအတွက် စိုက်ပျိုးရေလုံလောက် မှုမရှိခြင်း၊ လယ်ယာသုံးစက်ကိရိယာများ မပြည့်စုံခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဖြန့်ဖြူးပေးရန် လိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများ ရရှိသော်လည်း နည်း ပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေးနှင့် အခြားလိုအပ်သည့် နည်းပညာများ အသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ သီးနှံအထွက်ပိုမိုကောင်းမွန်လာ ပြီး အမြတ်အစွန်း ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးရေးလုပ်သူများ၏ ဈေးကွက် ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေး အတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက်

ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် စွာ တိုးတက်လာစေပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘော ထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အ ထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစား ပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက် လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသော ကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာ များ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံ ချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင် ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ် ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) – ဝန်ကြီးဌာ နများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification) တွင်

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ – လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည် ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊

- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ – ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီ အစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့်နည်းဗျူဟာလုပ်ငန်းစဉ်များ	မှတ်ချက်
လမ်းပန်းဆက်သွယ်ရေး	Þ ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း။	၇၀	၁	Þ ကျေးရွာတွင်းလမ်း ကျင်းခင်းခြင်း(၆၀၀၀' ×၁၂' ×၁') ကျေးလက်ဦးစီး	
လူငယ်နှင့်ယဉ်ကျေးမှု	Þ လူငယ်များ အသိပညာနှင့်စာပေ၂၄ဗဟုသုတတိုးတက်လာရေး။	၂		Þ စာကြည့်တိုက်တည်ဆောက်ခြင်းနှင့်စာအုပ်စာပေများပြုလုပ်ပေးခြင်း။	-
ရေရှရှိရေး	Þ ရာသီမရွေး သောက်သုံးရေဖူလုံ ၂၃စွာရရှိလာစေရေး။	၃		Þ စိမ့်စမ်းရေသိုလှောင်ရန်အတွက် ရေကန်တည်ဆောက်ခြင်း။	-
ပညာရေး	Þ ကျောင်းသား/သူများအတွက် ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး။	၂၂	၄	Þ စာသင်ကျောင်းဆောင်အပြီးသတ်ဆောင်ရွက်နိုင်ရန် မျက်နှာကျက်၊ ဆေးသုတ်ခြင်း၊ ဝရံတာလုပ်ငန်းများ ဆောင်ရွက်ခြင်း။	-
စိုက်ပျိုးရေး	Þ စိုက်ပျိုးရေးသီးနှံများထွက်နှုန်းတိုးတက်လာစေရေး။	၂၁	၅	Þ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဟောပြောပွဲများဆောင်ရွက်ခြင်း။	-
	Þ ရာသီဥတုအလိုက် သီးနှံများအချိန်မှီ စိုက်ပျိုးလာနိုင်စေရေး။	၁၈	၆	Þ စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း။	
ကျန်းမာရေး	Þ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမှီရေး။	၁၇	၇	Þ ကျေးလက်ကျန်းမာရေးဌာနတည်ဆောက်ခြင်း။	-

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင် ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယား တွင် ဖော်ပြထားပါသည် –

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ကျေးရွာတွင်းလမ်းကျင်းခင်းခြင်း	၁	√				
၂။ စာကြည့်တိုက်တည်ဆောက်ခြင်းနှင့် စာအုပ်စာပေများပြုလုပ်ပေးခြင်း	၂		√			
၃။ စိမ့်စမ်းရေလှောင်ကန်တည်ဆောက်ခြင်း	၃				√	
၄။ စာသင်ကျောင်းဆောင်အပြီးသတ်ဆောင်ရွက်နိုင်ရန်မျက်နှာကျက်၊ဆေးသုတ်ခြင်း၊ ဝရံတာလုပ်ငန်းများဆောင်ရွက်ခြင်း	၄			√		
၅။ စိုက်ပျိုးရေးနည်းပညာဆိုင်ရာဟောပြောပွဲများဆောင်ရွက်ပေးခြင်း	၅			√		
၆။ စိုက်ပျိုးရေရရှိရန်ဆောင်ရွက်ခြင်း	၆				√	
၇။ ကျေးလက်ကျန်းမာရေးဌာနတည်ဆောက်ခြင်း	၇			√		

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)ဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက် ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်း များထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြ ထားသော

ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံးစရိတ် ငွေလုံးငွေရင်း အသုံး စရိတ်	စွမ်းဆောင် ရည်မြှင့် တင်ရေး	လူသား ချင်းစာနာ မှုဆိုင်ရာ ထောက်ပံ့မှု
၁	ကျေးရွာတွင်းလမ်းဂျင်းခင်းခြင်း			√		
၂	စာကြည့်တိုက်တည်ဆောက်ခြင်း နှင့်စာအုပ်စာပေများပြုလုပ်ပေးခြင်း			√		
၃	စိမ့်စမ်းရေလှောင်ကန်တည်ဆောက် ခြင်း			√		
၄	စာသင်ကျောင်းဆောင်အပြီးသတ် ဆောင်ရွက်နိုင်ရန် မျက်နှာကျက်၊ ဆေးသုတ်ခြင်း၊ ဝရံတာလုပ်ငန်း များဆောင်ရွက်ခြင်း			√		
၅	စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဟောပြောပွဲများဆောင်ရွက်ပေးခြင်း				√	
၆	စိုက်ပျိုးရေရှုရှုရန်ဆောင်ရွက်ခြင်း			√		
၇	ကျေးလက်ကျန်းမာရေးဌာနတည် ဆောက်ခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက် ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်း ကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ် ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင် ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရ မည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေး စသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင် မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ် သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများ တွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

Jo

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိ မည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတား ပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ် မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်း ကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ အား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း ကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ် ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ် ငန်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို

စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

၂၁

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက် များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာ ဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည် –

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့်နှိုင်းယှဉ်၍) ၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင် ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့

အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါ မည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအားကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြား သက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ(၁)

(၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား(၁) သက္ကယ်ကျင်းကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၀ နှစ်အောက်	၁၀	၅	၁၅	၁.၅ %	နို့စို့အရွယ်
၁ နှစ်မှ ၅ နှစ်	၄၂	၃၀	၇၂	၇.၁ %	၅ နှစ်အောက် ကလေးငယ်
၅ နှစ်မှ ၉ နှစ်	၆၃	၅၇	၁၂၀	၁၁.၈ %	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄ နှစ်	၄၉	၄၂	၉၁	၉.၀ %	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၃၃၄	၃၄၉	၆၈၃	၆၇.၃ %	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ်နှင့်အထက်	၁၄	၁၉	၃၃	၃.၃ %	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၅၁၂**	**၅၀၂**	**၁၀၁၄**	**၁၀၀ %**	

အိမ်ထောင်စုပေါင်း = ၂၂၆ **ပျမ်းမျှတစ်အိမ်ထောင်စုလူဦးရေ = ၄.၄၉**

မှတ်ချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု(၂၂၆) အိမ်ထောင်စုရှိ၍ လူဦးရေစုစုပေါင်း (၁၀၁၄) ဦးရှိပါသည်။ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေမှာ (၄.၄၉)ယောက်နှုန်းရှိပါသည်။ အသက် (၁၅နှစ်မှ ၆၀နှစ်) အထိ အလုပ်လုပ်နိုင်သောလူဦးရေသည် စုစုပေါင်း လူဦးရေ၏ (၆၇.၃)% ရှိပါသည်။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ

၂၃

(၁.၂) လုပ်သားအင်အား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းကဏ္ဍများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး)***				
	• ကိုယ်ပိုင်လုပ်ငန်း	၁၃၆	၆၀.၂ %		-
	• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၄	၆.၂ %		-
	• မိသားစုဝင်လုပ်အား	-	-	-	-
၂	***တိရစ္ဆာန်မွေးမြူရေး***				
	• ကိုယ်ပိုင်လုပ်ငန်း	-	-		-
	• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-
	• မိသားစုဝင်လုပ်အား	-	-	-	-
၃	***ငါးဖမ်းလုပ်ငန်း***				
	• ကိုယ်ပိုင်လုပ်ငန်း	-	-		-
	• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-
	• မိသားစုဝင်လုပ်အား	-	-	-	-
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	• ကိုယ်ပိုင်လုပ်ငန်း	-	-		-
	• လုပ်သား(အငှား၊ဝန်ထမ်း)	-	-	-	-
	• မိသားစုဝင်လုပ်အား	-	-	-	-

၅	***ထုတ်ကုန်လုပ်ငန်း***				
	• ကိုယ်ပိုင်လုပ်ငန်း	–	–		–
	• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–
	• နေ့စားလုပ်သား	–	–	–	–

၆	***လျှပ်စစ်၊ သဘာဝဓါတ်ငွေ့နှင့် ရေဖြန့်ဝေရေးလုပ်ငန်း***				
	• ကိုယ်ပိုင်လုပ်ငန်း	–	–		–
	• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–
	• မိသားစုဝင်လုပ်အား	–	–	–	–
၇	***ဆောက်လုပ်ရေးလုပ်ငန်း***				
	• ကိုယ်ပိုင်လုပ်ငန်း	–	–	၃	လက်သမား(၃)ဦးဖြစ်ကြသည်။ ရွာတွင်းတွင် အဓိကအလုပ်လုပ် ရပြီး ရွာပြင်ပတွင်လည်းအလျှဉ်း သင့်သလို လုပ်ရပါသည်။
	• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–
	• မိသားစုဝင်လုပ်အား	–	–	–	–
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး***				
	• ကိုယ်ပိုင်လုပ်ငန်း	–	–		–
	• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–
	• မိသားစုဝင်လုပ်အား	–	–	–	–
၉	***ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)***				

• ကိုယ်ပိုင်လုပ်ငန်း	–	–	၂	အပ်ချုပ်ဆိုင်(၂)ဆိုင်ရှိပြီးအသင့် အတင့်အဆင်ပြေမှုရှိသည်။တွဲဖက် လုပ်ငန်းအနေဖြင့်လုပ်ကိုင်သည်။
• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–
• မိသားစုဝင်လုပ်အား	–	–	–	–
၁၀ ***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
• ကိုယ်ပိုင်လုပ်ငန်း	၁၀ စား	၄.၄ %	၅	ဆိုင်(၁၀)ဆိုင်ရှိပြီး ကုန်မျိုးစုံ၊ ကုန်၊
စားသောက်ဆိုင်စသည်တို့ပါ				ဝင်သည်။
• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–
• မိသားစုဝင်လုပ်အား	–	–	–	–

၁၁ ***ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း***				
• ကိုယ်ပိုင်လုပ်ငန်း	–	–	–	
• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–
